ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၅၀ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်)

## အခွန်စည်းကြပ်ခြင်း (Assessment) လုပ်ငန်းစဉ်အတွက် ပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ အခွန်စည်းကြပ်ခြင်းကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၆၄ တို့အရ အခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု | ပတခ(ဝင)-၀၄-၀၁ |
| ၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၁(က) |
| ၃။ | ကြေညာလွှာပါ ကြိုတင်ခွန်နှင့် စာရင်းမှတ်တမ်းအရ ကြိုတင်ခွန်တို့ ကိုက်ညီမှုမရှိကြောင်း အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၂ |
| ၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စာရင်းစစ်ဆေးတွေ့ရှိချက်အပေါ် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၃ |
| ၅။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ၃၁၊ ၃၄၊ ၃၅ နှင့် ပုဒ်မ ၆၄ တို့အရ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုဆုံးဖြတ်ချက် သို့မဟုတ် အယူခံဆုံးဖြတ်ချက်အပေါ် ပြင်ဆင်စည်းကြပ်မှု၊ ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၄ |
| ၆။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ စာရင်းအထောက်အထားများတင်ပြစေရန် သို့မဟုတ် ကြားနာစစ်ဆေးရန် အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၅ |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၇။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ သတင်းအချက်အလက်များပေးပို့ရန် အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၆ |
| ၈။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၃၀ နှင့် ၆၄ တို့အရ ဝင်ငွေခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု ဆုံးဖြတ်ချက် | ပတခ(ဝင)-၀၄-၀၇ |
| ၉။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၁ အရ ဝင်ငွေခွန် စည်းကြပ်မှုအကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၈ |
| ၁၀။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ၄၅အရ အခွန်ပေးဆောင်ရန် အကြောင်းကြားစာ | ပတခ(ဝင)-၀၄-၀၉ |
| ၁၁။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၆၄ တို့အရ အခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု | ပတခ(ကသခ)-၀၄-၀၁ |
| ၁၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၁(က) |
| ၁၃။ | ကြေညာလွှာပါ ကြိုတင်ခွန်နှင့် စာရင်းမှတ်တမ်းအရ ကြိုတင်ခွန်တို့ ကိုက်ညီမှုမရှိကြောင်း အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၂ |
| ၁၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စာရင်းစစ်ဆေးတွေ့ရှိချက်အပေါ် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၃ |
| ၁၅။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ၃၁၊ ၃၄၊ ၃၅ နှင့် ပုဒ်မ ၆၄ တို့အရ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှု ဆုံးဖြတ်ချက် သို့မဟုတ် အယူခံဆုံးဖြတ်ချက်အပေါ် ပြင်ဆင် စည်းကြပ်မှု၊ ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၄ |
| ၁၆။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ခွဲငယ် (၂) အရ စာရင်းအထောက်အထားများတင်ပြစေရန် သို့မဟုတ် ကြားနာစစ်ဆေးရန် အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၅ |
| ၁၇။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ သတင်းအချက်အလက်များပေးပို့ရန် အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၆ |
| ၁၈။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၃၀ နှင့် ၆၄ တို့အရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေ စည်းကြပ်မှု ဆုံးဖြတ်ချက် | ပတခ(ကသခ)-၀၄-၀၇ |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁၉။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၁ အရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်မှု အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၈ |
| ၂၀။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၅ အရ အခွန်ပေးဆောင်ရန် အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၉ |
| ၂၁။ | ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)နှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၄၀(က)တို့အရ ဒဏ်ကြေးငွေစည်းကြပ်မှုအကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၀၉(က) |
| ၂၂။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃၆ အရ ပေးပို့ရမည့် နေ့စဉ်ဖျော်ဖြေမှုရငွေ ကြေညာချက် | ပတခ(ကသခ)-၀၄-၁၀ |
| ၂၃။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃၅၊ စည်းမျဉ်းခွဲ (ဇ) အရ ထားရှိရမည့် ပွဲစဉ်အလိုက် နေ့စဉ်ရောင်းရငွေစာရင်း | ပတခ(ကသခ)-၀၄-၁၀(က) |
| ၂၄။ | ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၃၄ အရ ဖျော်ဖြေမှုကျင်းပရန် အကြောင်းကြားစာ | ပတခ(ကသခ)-၀၄-၁၀(ခ) |
| ၂၅။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၆၄ တို့အရ အခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု | ပတခ(အထခ)-၀၄-၀၁ |
| ၂၆။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၁(က) |
| ၂၇။ | ကြေညာလွှာပါ ကြိုတင်ခွန်နှင့် စာရင်းမှတ်တမ်းအရ ကြိုတင်ခွန်တို့ ကိုက်ညီမှုမရှိကြောင်း အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၂ |
| ၂၈။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၄ တို့အရ စာရင်းစစ်ဆေးတွေ့ရှိချက်အပေါ် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၃ |
| ၂၉။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၈၊ ၃၁၊ ၃၄၊ ၃၅ နှင့် ပုဒ်မ ၆၄ တို့အရ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်မှုဆုံးဖြတ်ချက် သို့မဟုတ် အယူခံဆုံးဖြတ်ချက်အပေါ် ပြင်ဆင်စည်းကြပ်မှု၊ ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၄ |
| ၃၀။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ စာရင်းအထောက်အထားများတင်ပြစေရန် သို့မဟုတ် ကြားနာစစ်ဆေးရန် အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၅ |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
| --- | --- | --- |
| ၃၁။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ သတင်းအချက်အလက်များပေးပို့ရန်အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၆ |
| ၃၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၇၊ ၂၈၊ ၃၀ နှင့် ၆၄ တို့အရ အထူးကုန်စည်ခွန်စည်းကြပ်မှုနှင့် ဒဏ်ကြေးငွေ စည်းကြပ်မှု ဆုံးဖြတ်ချက် | ပတခ(အထခ)-၀၄-၀၇ |
| ၃၃။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၃၁ အရ အထူး ကုန်စည်ခွန်စည်းကြပ်မှု အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၈ |
| ၃၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ၄၅အရ အခွန်ပေးဆောင်ရန် အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၉ |
| ၃၅။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဂ) သို့မဟုတ် (စ) နှင့် အထူးကုန်စည်ခွန်နည်းဥပဒေများအရ ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားစာ | ပတခ(အထခ)-၀၄-၀၉(က) |
| ၃၆။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)နှင့် အထူး ကုန်စည်ခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၂၉ တို့အရ ထုတ်လုပ်မည့်အထူးကုန်စည်များကို ရောင်းဈေးတန်ဖိုးသတ်မှတ် ပေးရန် လျှောက်လွှာ | ပတခ(အထခ)-၀၄-၁၀ |
| ၃၇။ | အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) နှင့် အထူးကုန်စည်ခွန်နည်းဥပဒေများ၊ နည်းဥပဒေ ၃၀ တို့အရ ထုတ်လုပ်မည့် အထူးကုန်စည်များကို ရောင်းဈေးတန်ဖိုး သတ်မှတ်ပေးကြောင်း ထုတ်လုပ်သူထံသို့ အကြောင်း ကြားစာ | ပတခ(အထခ)-၀၄-၁၀(က) |

၂။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၅၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ(ခ)၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) နှင့် အထူးကုန်စည်ခွန် နည်းဥပဒေများ၏ နည်းဥပဒေ ၆၃ တို့အရ ယခင်ထုတ်ပြန်ခဲ့သည့် ပုံစံများအနက် အခွန် စည်းကြပ်ခြင်းဆိုင်ရာ ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပြီး ယခု ထုတ်ပြန်သည့် ပုံစံများအား အသုံးပြုစေလိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၃ (၃၄၁၆)
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး

ဌာနခွဲညွှန်ကြားရေးမှူးအားလုံး

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပါသည်။

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ